# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 25, 2019 Volume 16, Number 16


**၂၅.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၇၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၂၃.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၁.၆ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၆.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၀.၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၆၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၅၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၁၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၆၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၇၀၂ကျပ် |

Source: CBM Rate. etrademvanmar.com

## တရုတ်သို့ တရားဝင်ဆန်ရောင်းချရေး ဆန်စပါးအသင်းချုပ် ကိုယ်စားလှယ်များ ကူမင်းတွင် သွားရောက်ဆွေးနွေး

မြန်မာ-တရုတ်စီးပွားရေး စင်္ကြံလမ်းနှင့်ဆက်စပ်ပြီး တရုတ်နိုင်ငံသို့ တရားဝင် ဆန်ရောင်းချနိုင်ရန် ဆန်စပါးအသင်းချုပ် ကိုယ်စားလှယ်အချို့ ကူမင်းမြို့သို့ သွားရောက်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဝင် အချို့က ပြောသည်။ ကူမင်းမြို့၌ ဖေဖော်ဝါရီ ၂၁ နှင့် ၂၂ ရက်တွင် ကျင်းပသည့်မြန်မာ-တရုတ်စင်္ကြံလမ်း စီမံကိန်း ဆွေးနွေးပွဲ၌ ဆန်စပါး ရောင်းဝယ်မှုကဏ္ဍ ပါဝင်ခြင်းကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ကိုယ်စားလှယ်အချို့ကတရုတ် နိုင်ငံသို့ ဆန်ရောင်းချရန်သွားခြင်းဟု အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

မြန်မာ-တရုတ်နယ်စပ်တွင် တရုတ်အစိုးရက ၂၀၁၈ အောက်တိုဘာက စတင်ပြီး လုံခြုံရေး တိုးမြှင့်ချထားကာ မြန်မာနိုင်ငံမှ ဆန်အပါအဝင် တင်ပို့သည့် ကုန်ပစ္စည်းများကိုလည်း ဖမ်းဆီးသဖြင့် နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်ရောင်းချ နေရသည့် ပမာဏများစွာ လျော့ကျပြီး မကြာမီအသစ် ပေါ်လာမည့် နွေစပါး အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အသင်းဝင် များက စိုးရိမ်နေကြသည်။

နိုင်ငံခြားသို့ ဆန်ရောင်းချသည့် ပမာဏစုစုပေါင်းတွင် နယ်စပ်မှ တရုတ် နိုင်ငံသို့ ဆန်ရောင်းချမှု ပမာဏမှာ ထက်ဝက်ကျော်ရှိနေသည်။ ၂၀၁၈ ဧပြီမှ ၂၀၁၉ ဇန်နဝါရီ ၁၈ ရက်အထိ နိုင်ငံခြားသို့ ဆန်ရောင်းချသည့် တန်ချိန် ၁ ဒသမ ၉ သန်းကျော်တွင် နယ်စပ်မှ တရုတ်နိုင်ငံသို့ တန်ချိန် တစ်သန်းခန့် တင်ပို့ ရောင်းချ ထားသည်။ တရုတ်နိုင်ငံသို့ ဆန်ရောင်းချ ထားသည့် ပမာဏသည် ပြီးခဲ့သည့် နှစ်ထက် တန်ချိန်ခုနစ်သိန်းမှ ရှစ်သိန်း အထိ လျော့နည်းခဲ့သည်။ မြန်မာနိုင်ငံမှ ဆန်ကို တရားဝင် တင်ပို့နိုင်သော် လည်း တရုတ်အစိုးရက တရားဝင်ခွင့်ပြုထားခြင်း မရှိပေ။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်က ပြည်ပဆန်တင်ပို့မှု တန်ချိန် ၃ ဒသမ ၅ သန်းကျော် ရှိသော်လည်း ၂၀၁၈ ဧပြီမှ ၂၀၁၉ မတ်လကုန်အထိ ဆန်တန်ချိန်နှစ်သန်းကျော်သာ တင်ပို့နိုင်မည်ဟု မှန်းဆကြောင်း မန္တလေးမြို့ တွင် ပြုလုပ်သည့် ဆန်စပါးညီလာခံ တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ယခင် ဥက္ကဋ္ဌဦးချစ်ခိုင်က ပြောကြားထား သည်။

ပြည်တွင်း၌ ဆန်လက်ကျန် တန်ချိန်တစ်သန်းကျော် ရှိနေခြင်းက မကြာမီ လများတွင် အသစ်ပေါ်ထွက်မည့် နွေစပါးအတွက် စိုးရိမ်ကြောင်း ဦးချစ်ခိုင်က ပြောသည်။ ထို့ကြောင့် ဈေးကွက်အသစ်များ ရှာဖွေပြီးအစိုးရချင်း သဘော တူညီမှုဖြင့် ဆန်ရောင်းချခြင်းကို အစိုးရက တိုးမြှင့်ဆောင်ရွက်ပေး ရန်လိုအပ်သည် ဟု ၎င်းက ဆိုသည်။

**Source: http://www.7daydaily.com/story/150638**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## အီးယူက မြန်မာအပေါ် ကုန်သွယ်မှု အထူးအခွင့်အရေး တစ်နှစ်အတွင်း ရုပ်သိမ်းဖွယ် မရှိဟုဆို

ဥရောပသမဂ္ဂ(အီးယူ)သည် မြန်မာအပေါ် ပေးအပ်ထားသော ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP) ကို တစ်နှစ်အတွင်း ပြန်လည် ရုပ်သိမ်းနိုင်ဖွယ်မရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့ စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးက သုံးသပ်သည်။

မြန်မာအစိုးရတာဝန်ရှိသူများနှင့် အီးယူကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံ ဆွေးနွေးမှု အပြီးတွင် အထက်ပါညွှန်ကြားရေးမှူးချုပ်က ယင်းသို့ သုံးသပ်ပြောကြားခြင်း ဖြစ်သည်။

"သူတို့က ပိုပြီးတော့ ကျွန်တော်တို့အခြေအနေ ပိုသိလာတယ်။ အခုအခေါက်ဆို ရခိုင်ပြည်နယ်လည်း သွားတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလာတယ်။ အကူအညီ ဘယ်လိုပေးရမလဲဆိုတဲ့ဘက်က လာတယ်။ သူတို့ စိုးရိမ်တာတော့ ရှိတာပေါ့"ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်သော အီးယူကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်ဦးမြင့်သူ ဦးဆောင်သည့် အစိုးရဌာန ၁၀ ခုခန့်မှ အဆင့်မြင့် အရာရှိများနှင့် နေပြည်တော်၌ ဖေဖော်ဝါရီ ၂၁၊ ၂၂ ရက်တွင် ဆွေးနွေးခဲ့သည်။

ထို့အပြင် ကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဦးကျော်တင် နှင့် ယမန်နေ့ တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

"အကြမ်းဖျင်း ခြုံပြောရင်သူတို့က ကျေနပ်အားရမှုတော့ ရှိပါတယ်" ဟု ဦးချမ်းအေးက ဆိုသည်။

အီးယူ ကိုယ်စားလှယ်အဖွဲ့သည် လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးများနှင့်ပတ်သက်၍ စိုးရိမ်နေဆဲဖြစ်ပြီး ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီးအကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ အလုပ်သမားနှင့် အလုပ်ရှင် အငြင်းပွားမှု ဖြေရှင်းပေးရေးစသည့် ဥပဒေများကို အမြန်ဆုံးပြဋ္ဌာန်းပေးရန် တိုက်တွန်းခဲ့သည်ဟု ဆိုသည်။

ထို့အပြင် ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေး ကော်မရှင်၏ ဆောင်ရွက်ချက်များ ပိုမို ထိရောက်စေရန်နှင့် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်မှု တိုးမြှင့်ဆောင်ရွက်ရန် ကိုယ်စားလှယ်အဖွဲ့က တောင်းဆိုသည်။

မြန်မာအစိုးရ တာဝန်ရှိသူများသည် ကိုယ်စားလှယ်အဖွဲ့၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ မလုပ် ဆောင်နိုင်သည့် အကြောင်းအရာများ ပြန်လည်ဆွေးနွေးခဲ့ပြီး ဆောင်ရွက်နေသည့် အခြေအနေနှင့် ရခိုင်ပြည်နယ် အရေးကိစ္စများ ရှင်းပြခဲ့ကြောင်း ဦးချမ်းအေးက ပြောသည်။

အထက်ပါ ကိုယ်စားလှယ် အဖွဲ့၏ ငါးရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရန်ကုန်မြို့နှင့် နေပြည်တော်သို့ သွားရောက်ပြီး ယမန်နေ့က ခရီးစဉ်ပြီးဆုံးခဲ့သည်။

**Source: http://www.7daydaily.com/story/150629**

## ဈေးနှုန်းကျဆင်းခြင်းနှင့် အရှုံးပေါ်ခြင်းတို့ကြောင့် အင်းလေးကန်တွင် ခရမ်းချဉ်သီးစိုက်ပျိုးမှု ထက်ဝက်ခန့် နည်းပါးလာ



ဈေးနှုန်း ကျဆင်းခြင်းနှင့် အရှုံးပေါ်ခြင်း တို့ကြောင့် ညောင်ရွှေ မြို့နယ် အင်းလေးကန်တွင် ခရမ်းချဉ်သီး စိုက်ပျိုးမှု ထက်ဝက်ခန့် နည်းပါးလာသည်ဟု ခရမ်းချဉ်စိုက်တောင်သူများ က ပြောကြားသည်။ ယခင်နှစ်က ခရမ်းချဉ်သီး စံချိန်တင် ဈေးနှုန်း ကျဆင်းခဲ့ခြင်းကြောင့် စိုက်တောင်သူများနှင့်ကုန်သည် များ အထိနာခဲ့ကြရပြီး အချို့စိုက် တောင်သူများသည် အရှုံးပေါ် သည်အထိကြုံတွေ့ ခဲ့သဖြင့် ယခုနှစ် စိုက်ရာသီတွင် မျိုးဖိုးပင် မရှိသဖြင့်စိုက်ပျိုးရန် ခက်ခဲနေခြင်း ဖြစ်ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်တွင် ခရမ်းချဉ်သီးကို နှစ်ပေါင်းများစွာကပင် မိရိုးဖလာလုပ်ငန်း တစ်ခုအဖြစ် နှစ်စဉ် စိုက်ပျိုး လာကြခြင်းဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံးရှိ နေရာအနှံ့တွင် စိုက်ပျိုးလာကြခြင်း၊ ပြည်တွင်းသာမက ထိုင်းနှင့် တရုတ်နိုင်ငံတို့မှလည်း ခရမ်းချဉ်သီးများ တင်သွင်းလာကြခြင်းနှင့် သီးနှံထွက်ကုန်များလာခြင်းတို့ကြောင့် ဒေသမျိုးရင်းဖြစ်သော အင်းလေးကန် ခရမ်းချဉ်သီးသည် ဈေးကောင်းရရှိခြင်း မရှိသည့်အပြင် အရှုံးပေါ်သဖြင့် တောင်သူများ နာလန်မထူနိုင်အောင် စီးပွားပျက်ခဲ့ရခြင်းဖြစ်ကြောင်း စိုက်တောင်သူများထံမှ သိရသည်။

ထို့ပြင် ခရမ်းချဉ်သီးများကို ဒေသတွင်း မိမိတို့ မော်တော်ယာဉ်ဖြင့် ဂိတ်ထောင်ပြီး အရောင်းအဝယ် ပြုလုပ်နေကြသော ကုန်သည်များအနေဖြင့်လည်း ငါးနှစ်တာကာလအတွင်း သိန်းတစ်ထောင်ကျော် အရှုံးပေါ် သဖြင့် နောက်တစ်နှစ်အတွက် အနားယူရန် စဉ်းစားနေပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် အင်းလေးကန်အတွင်း ခရမ်းချဉ်သီး စိုက်ပျိုးမှုနှင့် ဈေးကွက်အနေအထား ပျက်စီးသွားနိုင်ကြောင်း စက်လှေများအသင်းနှင့် ခရမ်းချဉ်သီး ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုးမြင့်သောင်းက ပြောကြားသည်။

"ခရမ်းချဉ်က ရှုံးတဲ့အချိန် များနေတာကိုး။ ကံကောင်းတဲ့အချိန်က နည်းနေတယ်။ ခြံရှင်လည်းရှုံး၊ ကုန်သည်လည်းရှုံး အဲဒီလို ဖြစ်နေတယ်။ ဒီတစ်နှစ် အဆိုးဆုံးပဲ။ ရှေ့လျှောက်တော့ မလွယ်တော့ပါဘူး။ မြန်မာပြည် အလယ်ပိုင်း ရေရှားတဲ့ ဒေသတွေမှာတောင် ဆည်ရေသွင်းစနစ်တွေနဲ့ တစ်နိုင်ငံလုံးလည်း ထွက်နေတယ်။ ဒါ့အပြင် ပြည်တွင်းသာမက ပြည်ပတရုတ်ကလည်း သွင်းတယ်။ ယိုးဒယားကလည်း သွင်းနေတော့ နောက်ပိုင်း ပြည်တွင်း ထွက်ကုန်တွေ မလွယ်တော့ဘူး။ နောက်ကြာရင် ဈေးကွက်တောင် ပျက်သွားနိုင်တယ်။ အင်းသီးက တစ်ထောင်ဆိုရင် တရုတ်သီးက ၈၀၀ တို့ ၇၀၀ တို့နဲ့ ရောင်းနိုင်တယ် လေ။ အအေးခန်းတွေနဲ့ လှောင်တာထင်တယ်။ အရင်နှစ်ကလည်း ဦးလေးတို့ အသီးကမှည့်ချိန် ဈေးကလည်း ကောင်းတယ်။ ၁၂၀၀ လောက်ဖြစ်ချိန်မှာ တရုတ်သီးတွေ ၇၀၀၊ ၈၀၀ နဲ့ လာချတော့ သေသွားတာပဲ။ သူတို့ပစ္စည်းက အမှည့်ပေါ့။ အအေးခန်းနဲ့ ထည့်လာတဲ့ပစ္စည်းပေါ့။ အခုငါးနှစ်ပြည့်ပြီ။ သိန်းတစ်ထောင်ကို ငါးနှစ်ပြန်ရှာဖို့ မလွယ်ဘူး" ဟု ခရမ်းချဉ်သီး ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုးမြင့်သောင်းက ပြောကြား သည်။

ထို့ပြင် ခရမ်းချဉ်သီး စိုက်ပျိုးရာသီ ရောက်လာသော်လည်း အင်းလေးကန် မိုင်းသောက်ကျေးရွာအုပ်စုတွင် စိုက်ပျိုးသူများ ထက်ဝက်ခန့်နည်းပါးခဲ့ပြီး အင်းလေးကန် တစ်ခုလုံးတွင် စိုက်ပျိုးသူ သုံးပုံတစ်ပုံခန့်သာ မျိုးစေ့ချထားကြောင်း သိရသည်။

"မိုင်းသောက်မှာ စိုက်ဧကလျော့ သွားတယ်။ လူတစ်ယောက်မှာ တစ်ဝက်လောက် လျော့သွားတယ်။ ကျွန်တော်တောင် ဘာမှမလုပ်ရသေးဘူး။ စိုက်ကွင်းတွေ တစ်ဝက်လောက် လျော့တာ။ ရွာမှာဆိုရင် သုံးလေးဦးပဲ မျိုးချထားသေးတယ်။ ခုခရမ်းချဉ်သီးဈေးက နည်းနည်းတက်လာတယ် ပြောရမယ်။ ၃၀၀ ကျပ် ၄၀၀ ကျပ်။ အရင်က ၁၅၀ ကျပ်လေ။ မကိုက်သေးဘူး။ ဒါကြောင့်လည်း စိုက်တဲ့သူ နည်းလာတယ်။ သုံးလပိုင်းလောက်ဆိုရင် လူစုံတက်စုံ လောက်ရှိပြီ။ ခုကတော့ စိုက်တဲ့သူ နည်းတာပေါ့။ မစိုက်ရဲသေးဘူးလေ။ ရှုံးမလား မြတ်မလား မသိသေးဘူး" ဟု မိုင်းသောက်မှ စိုက်တောင်သူ ဦးနိုင်ဝင်းက ပြောကြားသည်။

အင်းလေးကန်တွင် ခရမ်းချဉ်သီးကျွန်းမျောကို အဓိကအများဆုံး စိုက်ပျိုးကြခြင်းဖြစ်ကာ ကေလာရွာတွင် အများဆုံး စိုက်ပျိုးပြီး ဖိုကုန်း၊ ညောင်ဝန်း၊ ကြေးစားကုန်း၊ ငါးဖယ်ချောင်း စသော ကျေးရွာများတွင် စိုက်ပျိုးပြီး အင်းလေးကန် တစ်ခုလုံး စိုက်ဧက သိန်းနှင့်ချီရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ရာသီဥတု ဆိုးရွားခြင်း၊ အင်းလေးကန် ရေခန်းခြောက်ခြင်းနှင့် ခရမ်းချဉ်သီးဈေး ကျဆင်းခြင်း တို့ကြောင့် စိုက်တောင်သူများ အရှုံးပေါ်ကြကာ တချို့တောင်သူများသည် ရင်းနှီးစရိတ် မတတ်နိုင်သဖြင့် ဆက်လုပ်ရန် ခက်ခဲကြောင်း၊ ခရမ်းချဉ်သီး စိုက်ပျိုးရန် ကုန်ကျစရိတ်သည် သိန်း ၂၀ ကျော် လိုအပ်သဖြင့် ရင်းနှီးစရိတ် များပြားကြောင်း၊ ခူးဆွတ်ချိန် ဈေးနှုန်းကျဆင်းလျှင် တောင်သူများ နာလန် မထူအောင် အခက်အခဲများ ကြုံတွေ့ရ တတ်သဖြင့် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် သီးနှံဈေးနှုန်း အာမခံချက် ရရှိအောင် ဆောင်ရွက်ပေးသင့်ကြောင်း တောင်သူများက တောင်းဆိုထားခြင်းဖြစ်သည်။

အင်းလေးကန်တွင် ကျွန်းမျောစိုက်ခင်း ဧကပေါင်း တစ်သိန်းခွဲခန့် စိုက်ပျိုးပြီး စိုက်တောင်သူ တစ်ထောင် ကျော်ရှိကြောင်း သိရသည်။

**Source: https://news-eleven.com/article/85001**

## ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြောဆွေးနွေးပွဲ ညောင်တုန်းမြို့တွင်ကျင်းပ



ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြောဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ညောင်တုန်းမြို့ မြို့တော်ခန်းမတွင် နံနက် ၉း၀၀ မှ နေ့လည် ၁၂း၀၀ ထိကျင်းပပြုလုပ်ခဲ့ပြီး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနတိုင်း ဦးစီးမှူးနှင့် ခရိုင်မြို့နယ် ဦးစီးမှူးများ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှဦးစီးမှူးများ၊ ဒေသခံပဲမျိုးစုံကုန်စည်ဒိုင်မှကုန်သည်လုပ်ငန်းရှင်များ၊ မြို့နယ်အလိုက် ပဲစိုက် တောင်သူများအပါအဝင် တက်ရောက်သူဦးရေ (၂၀၀) ခန့်ရှိခဲ့ပါသည်။ လက်ရှိတင်ပို့လျှက်ရှိသော မတ်ပဲအပြင် အခြားဈေးကွက်ဝင် ပဲအမျိုးအစားများကို စိုက်ပျိုးထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**Source: ရောကုန်သွယ်မှုဖဟိုဌာန**

## ယခုနှစ်ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးဦးမည်ဟု အာဆီယံစီအီးအို ထက်ဝက်နီးပါးရှုမြင်

ယခုနှစ် ၂၀၁၉ မှာ ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှေးကွေးကျဆင်းသွားမယ်လို့ အာဆီယံ (အရှေ့တောင်အာရှ နိုင်ငံများအသင်း) ဒေသရှိ အမှုဆောင်အရာရှိချုပ်ဦးရေ ထက်ဝက်နီးပါးလောက်က ရှုမြင်ထားလျက်ရှိကြောင်း တစ်နှစ် တစ်ကြိမ် ထုတ်ပြန်နေကျ PwC ရဲ့ ၂၂ ကြိမ်မြောက် Global CEO Survey အရ သိရပါတယ်။

PwC ရဲ့ စစ်တမ်းမှာတော့ ကမ္ဘာ့ နိုင်ငံပေါင်း ၉၁ နိုင်ငံက ကုမ္ပဏီလုပ်ငန်း စီအီးအို ၁,၃၇၈ ဦးကို သဘောထားမေး မြန်းခဲ့တာဖြစ်ပြီး ၎င်းတို့အနက် အာဆီယံဒေသက စီအီးအို ၇၈ ယောက်လည်း ပါဝင်ပါ တယ်။ ၂၀၁၈ စက်တင်ဘာနဲ့ အောက်တိုဘာကြားကာလမှာ ယင်းစစ်တမ်းကို ကောက်ယူခဲ့တာဖြစ်ပါတယ်။

အာဆီယံဒေသတွင်းက ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနဲ့ ဗီယက်နမ်တို့က စီအီးအိုတွေ ယင်းစစ်တမ်းမှာ ပါဝင်ဖြေဆိုခဲ့ကြပါတယ်။ ယင်း စစ်တမ်းမှာ ပါဝင်ဖြေဆိုသူ အာဆီယံ စီအီးအို ထက် ဝက်နီးပါး သို့မဟုတ် ၄၆ ရာခိုင်နှုန်းကတော့ ယခုနှစ်မှာ ကမ္ဘာ့စီးပွားရေး တိုးတက်မှု ကျဆင်းသွားလိမ့်မယ်လို့ ယုံကြည်ကြောင်း ဖြေဆိုသွားကြပါတယ်။

ဒါဟာ ယမန်နှစ် စစ်တမ်းတုန်းကထက် ၁၀ ရာခိုင်နှုန်း တက်လာတာဖြစ်ပြီး ကမ္ဘာ့စီးပွားရေးအပေါ် အဆိုးမြင်မှု စံချိန်တင်မြင့်တက်လာခြင်းလည်း ဖြစ်ပါတယ်။

**http://www.nationmultimedia.com/detail/Economy/30364526**

## ကုန်သွယ်ရေး သဘောတူညီချက် မရပါက အီးယူအပေါ် အခွန်ကောက်မည်ဟု Trump ခြိမ်းခြောက်

အီးယူ (EU) နဲ့အကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ခု ရယူနိုင်ခဲ့ခြင်း မရှိပါက ဥရောပသမဂ္ဂ မော်တော်ကား သွင်းကုန်တွေအပေါ်မှာ အခွန်အကောက်တွေ ပြဋ္ဌာန်းကောက်ခံသွားမှာဖြစ်ကြောင်း အမေရိကန် သမ္မတ Donald Trump က ဖေဖော်ဝါရီ ၂၀ မှာ ခြိမ်းခြောက် လိုက်ပါတယ်။

"ကျွန်တော်တို့ ညှိတော့ ညှိနေပါတယ်၊ တကယ်လို့ သဘောတူညီချက် မရဘူးဆိုရင်တော့ ကျွန်တော် အခွန် ကောက်မှာပါ"ဆိုပြီး Trumpက အခွန်အကောက်သစ်တွေ ကောက်မလားဆိုတဲ့ သတင်းထောက်တွေရဲ့ မေးခွန်းကို တုန့်ပြန်ဖြေဆိုသွားခဲ့ပါတယ်။ လက်ရှိမှာ ဥရောပသမဂ္ဂ ကားတင်သွင်းမှု သွင်းကုန်တွေဟာ အမေရိကန် အမျိုးသား လုံခြုံရေးအတွက် ခြိမ်းခြောက်မှု တစ်ခုလိုဖြစ်နေကြောင်း ကုန်သွယ်ဝန်ကြီးဌာနက အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့ပြီး ရက်ပိုင်းအကြာမှာပဲ ယခုလို အီးယူ မော်တော်ကားလုပ်ငန်းအပေါ် အခွန်ကောက်ဖို့ Trump ရဲ့ ခြိမ်းခြောက်မှုတစ်ရပ် ထွက်ပေါ်လာတာဖြစ်ပါတယ်။

အကယ်၍ ဂါရှင်တန်ဘက်က အခွန်တွေ ကောက်ခံပြဋ္ဌာန်းလာခဲ့မယ် ဆိုရင် အီးယူဘက်ကလည်း ပြန်လည် တုန့်ပြန်လာဖွယ်လည်း ရှိနေပါတယ်။ အမေရိကန်သမ္မတ Trump ကတော့ ယမန်နှစ်ကလည်း တရုတ်နဲ့အကြား အခွန်တွေ အပြန်အလှန်ကောက်ခံရင်းနဲ့ ကုန်သွယ်ရေး ပဋိပက္ခတွေ ဖြစ်ထားခဲ့ပါသေးတယ်။

**https://www.channelnewsasia.com**

## အာရှဒေသတွင်း တိုးတက်မှုအမြန်ဆန်ဆုံး နိုင်ငံသုံးငွေကြေးဖြစ်လာတဲ့ ထိုင်းဘတ်

ထိုင်းနိုင်ငံသုံး ဘတ်ငွေကြေးကတော့ အာရှဒေသတွင်း အားအကောင်းဆုံးဖြစ်လာပြီး တိုးတက်မှု အမြန်ဆန်ဆုံး ငွေကြေးလည်း ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။ ယင်းဘတ်ငွေကြေးဟာဆိုရင် ယခုနှစ်အတွင်း တစ်ခြားငွေ ကြေးတွေနဲ့ ယှဉ်ရင် နှစ်ဆနီးပါး ပိုမိုမြန်ဆန်စွာ မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ ထိုင်းဘတ်ကတော့ ဖေဖော်ဝါရီ ၂၀ ရက်မှာတော့ ကန်ဒေါ်လာနဲ့ယှဉ်ရင် ငါးနှစ်ကျော်တာအတွင်း အမြင့်ဆုံးသော လယ်ဗယ်ကို ဆိုက်ရောက် လာခဲ့ပါတယ်။

တရုတ်နဲ့ အမေရိကန်အကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုရပြီး လက်တုန့်ပြန် အခွန် အကောက်တွေ ရှောင်လွှဲနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့အတူ ယခုလိုထိုင်းဘတ်ငွေကြေး တန်ဖိုးတက်လာ နေခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ အာရှဒေသတွင်း အားအကောင်းဆုံးငွေကြေးဖြစ်နေပြီး ဗုဒ္ဓဟူးနေ့ကတော့ ၄ ဒသမ ၇ ရာခိုင်နှုန်း တက်ပြီး တစ်ဒေါ်လာကို ၃၁ ဒသမ ၁၇ ထိ ရောက်လာခဲ့ပါတယ်။ယင်းကတော့ ၂၀၁၃ နိုဝင်ဘာနောက်ပိုင်း ကန်ဒေါ်လာနဲ့ ယှဉ်ရင် အမြင့်ဆုံးသော ဘတ်ငွေတန်ဖိုးလည်း ဖြစ်လာခဲ့ပါတယ်။

**https://www.bangkokpost.com**

## မြန်မာ့ထွက်ကုန်သီးနှံ ပဲကြီးနှင့် ပဲယင်းများ တရုတ်ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် ရုတ်တရက် ဈေးမြင့်တက်

မြန်မာ့ထွက်ကုန်သီးနှံ ပဲကြီးနှင့် ပဲယင်းများမှာ တရုတ်နိုင်ငံ၏ ဝယ်လိုအားအပြင် ပြည်တွင်းလှောင်သမားများမှ အပြိုင်ဝယ်ယူမှုများ ကြောင့် မန္တလေးဈေးကွက်တွင် ရုတ်တရက်ဈေးမြင့်တက်လာကြောင်း မန္တလေးပဲမျိုးစုံဈေးကွက်မှ သိရသည်။

အဆိုပါပဲများအနက် ပဲကြီးမှာ ပေါ်ဦးပေါ်ဖျားကာလ ဖေဖော်ဝါရီ ပထမပတ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းရှိခဲ့ရာမှ ယခုလိုင်လိုင်ပေါ်ချိန် ဖေဖော်ဝါရီ ၂၄ ရက်တွင် ငွေကျပ်ကျပ် ၉၃၀၀၀ နှုန်းအထိ လည်းကောင်း၊ ပဲယင်းမှာ ငွေကျပ်ကျပ် ၆၂၀၀၀ နှုန်းရှိခဲ့ရာမှ ငွေကျပ်ကျပ် ၇၅၀၀၀ အထိ လည်းကောင်း မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။ ပဲကြီးက ပြည်တွင်းမှာ



အဓိကစားသုံးကြတဲ့ သီးနှံဖြစ်တဲ့အပြင် ပြည်ပကိုလည်း တင်ပို့နေ ရတယ်။ ပဲယင်းကိုတော့ ပြည်တွင်းမှာ စားသုံးမှုနည်းပြီး ပြည်ပမှာတော့ မုန့်လုပ်ငန်းတွေမှာ အသုံးပြုတယ်။ တရုတ်နိုင်ငံက ပဲကြီးကို ဟိုးအရင်နှစ်တွေက ဝယ်ယူလေ့မရှိပေမယ့် နောက်ပိုင်းအကြိုက်တွေ့လာပြီး ၂၀၁၃ ခုနှစ်ကတည်းက ဝယ်ယူလာတယ်။ လက်ရှိပဲဈေးကွက်မှာတော့ တရုတ်နိုင်ငံဝယ်လိုအားကြောင့် ဈေးက တစ်သောင်းကျော်လောက်အထိ မြင့်တက်နေတယ်ဟု ၎င်းက ပြောသည်။ လက်ရှိတွင် မြန်မာ့ထွက်ကုန် ပဲကြီးနှင့် ပဲယင်းကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေရပြီး အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကာ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်မှစ၍ ပဲကြီးကို အသင့်စား ပဲလှော်အဖြစ် ထုတ်လုပ်ပြီး ကုန်ချောအဖြစ် စင်ကာပူသို့ တင်ပို့မှုများရှိကြောင်းသိရသည်။

လက်ရှိမှာ ပဲကြီးကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေအတွက် ပဲကြီး အထူးစံပြစိုက်ကွင်းတွေ လုပ်ပေးနေတယ်လို့ သိရတဲ့အတွက် ဝမ်းသာ စရာပါ။ ပဲကြီးရော ပဲယင်းရော နိုင်ငံခြား ဝင်ငွေရှာပေးနေတဲ့ သီးနှံတွေဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ ဒီထက် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးသင့်တယ်ဟု ၎င်းက ဆက်လက်အကြံပြု ပြောဆိုသည်။ ပဲကြီးနှင့် ပဲယင်းကို ဆောင်းသီးနှံအဖြစ် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး နှစ်စဉ် ဇန်နဝါရီလမှ စတင်ထွက်ရှိကြောင်းနှင့် လက်ရှိမန္တလေးဈေးကွက်တွင် ပြည်ပဝယ်လိုအားအပြင် လှောင်သမားတို့၏ ဝယ်ယူ သိုလှောင်မှုတို့ကြောင့် အရောင်းအဝယ် သွက်လက်နေကြောင်း သိရသည်။

https://www.facebook.com/MYANMAALINNNEWS

## ထုတ်ကုန်သီးနှံများ ဈေးကွက်ဝင်နိုင်ရေး ဂျီအေပီလက်မှတ်ရရှိရန် အရေးကြီး

သီးနှံတွေဘေးအန္တရာယ်ကင်းရှင်းအောင် ထုတ်လုပ်နိုင်ဖို့ အင်မတန်အရေးကြီးသလို သီးနှံတွေ ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ရအောင် ပိုင်းဝန်ဆောင်ရွက်ကြဖို့ တောင်သူတွေကို ကရင်ပြည်နယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစောမြင့်ဦးက တိုက်တွန်း လိုက်ပါတယ်။

ဖေဖော်ဝါရီ ၂၂ ရက် မနက်ပိုင်းက ဘားအံမြို့နယ်၊ မိဖုံကျေးရွာအုပ်စု၊ ပရဆေးပင်များဆိုင်ရာ နည်းပညာ သင်တန်းကျောင်း(စက်မှုဇုန် ၁)မှာ ပြုလုပ်တဲ့ GAP အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားမှာ တိုက်တွန်းပြောဆို လိုက်တာပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ် ကောင်းတွေနဲ့ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုအတွက် မှန်ကန်ကြောင်း ထောက်ခံချက် အသိအမှတ်ပြုလက်မှတ်ကို ကရင်ပြည်နယ် အတွင်း ပထမဆုံးအနေနဲ့ ဘားအံမြို့နယ်၊ ပရဆေးပင်များဆိုင်ရာ နည်းပညာသင်တန်းကျောင်း(စက်မှုဇုန် ၁)ကို ပေးအပ်ချီးမြှင့် ခဲ့တာပါ။

ကရင်ပြည်နယ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ဦးစောမြင့်ဦးက "သီးနှံတွေ အားလုံး ဘေးအန္တရာယ် ကင်းရှင်းအောင်ထုတ်လုပ်နိုင်ဖို့ကတော့ အင်မတန်မှ အရေးကြီးပါတယ်။ သီးနှံတွေများများ အသိအမှတ်ပြုလက်မှတ် ရစေချင်တယ်။ ရအောင်လည်း ပိုင်းဝန်ဆောင်ရွက် ကြပါ"လို့ တိုက်တွန်းလိုက်တာပါ။

နီပွန်ဖောင်ဒေးရှင်း အကြီးတန်း မန်နေဂျာ Mr. Toshir Mado က "ဂျီအေပီ လက်မှတ်ရရှိတာဟာဆိုရင် အရည် အသွေးထိန်းသိမ်းမှုမှတဆင့် လယ်ယာထုတ်ကုန်တွေကို ဈေးကွက်ကိုဝင်ရောက်ဖို့ ပထမဆုံးခြေလှမ်းဖြစ် တယ်"လို့ ပြောပါတယ်။

ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မောင်မောင် က "ဂျီအေပီလက်မှတ်ရတဲ့ သီးနှံကတော့ အဓိကပိုးသတ်ဆေးဓာတ်ကြွင်းရှိ မရှိ။ ကျန် မကျန်။ လူတွေရဲ့ ကျန်းမာရေး အတွက် ထိခိုက်မှု ရှိ မရှိ။ ဒါလေးတွေကိုစစ်ဆေးပြီးတော့မှ အဓိက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာ"လို့ ပြောပါတယ်။

ဂျီအေပီအသိအမှတ်ပြုလက်မှတ်ရရှိဖို့ စိုက်ပျိုးတဲ့မြေဟာ အန္တရာယ်ကင်းရှင်းတဲ့ မြေအမျိုးအစား၊ သန့်ရှင်း စင်ကြယ်တဲ့ ရေ၊ ရောဂါပိုးမွှားကင်းစင်တဲ့ မျိုးစေ့ ပျိုးပင်၊ ကောင်းစွာဆွေးမြေ့တဲ့ သဘာဝမြေဩဇာတွေကို

သုံးစွဲထားမှုစတဲ့ အချက်တွေအပါအဝင် အချက် ၁၆ ချက်နဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။

အဆိုပါ ပရဆေးသင်တန်းကျောင်းဟာ နီပွန်ဖောင်ဒေးရှင်း(ဂျပန်)ရဲ့ အကူအညီနဲ့ တည်ထောင်ဖွင့်လှစ်ထားတာဖြစ်ပြီး မြေကေ ၄၀ ပေါ်မှာ ပရဆေးပင်တွေကို အဓိကစိုက်ပျိုးပြီး သင်တန်းသားတွေကို စာတွေ့လက်တွေ့ သင်ကြားမွေးထုတ်ပေးနေတာပါ။

http://burmese.dvb.no/archives/314936

## အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး သီးခြားဌာနတစ်ခု ဖွဲ့စည်း လုပ်ဆောင်မည်

အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် သီးခြားဌာန တစ်ခုဖွဲ့စည်းလုပ်ဆောင်မည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သည့် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ပြောဆိုသည်။

**စောင့်ကြည့်ရန်မူဘောင်ရေးဆွဲ**

"၂၀၁၅ ခုနှစ်ကတည်းက ချမှတ်ထားတဲ့ SME ဥပဒေကို အငယ်စားပါဝင်တဲ့ ဥပဒေ အဖြစ်ပြင်ဆင်ပြီး အခြားလိုအပ်တဲ့ဥပဒေတွေကိုလည်း ပြင်ဆင်လျက်ရှိပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကို မကြာခင်ပြဋ္ဌာန်းဖို့ ဆောင်ရွက်နေပါတယ်။ MSMEလုပ်ငန်းတွေကို ဦးစီးဌာန အဖြစ် စက်မှုဝန်ကြီးဌာနအောက်မှာ သီးခြားဌာန တစ်ခုဖွဲ့စည်းထားပြီးတော့ ဒီလုပ်ငန်း တွေရဲ့ဆောင်ရွက်မှုကို စောင့်ကြည့်ဖို့ မူဘောင်တစ်ခု ရေးဆွဲပြီးဖြစ်ပါတယ်" ဟု ၎င်းက ပြောဆိုသည်။

**ပိုမိုတိုးတက်ရေး**

အဆိုပါဦးစီးဌာနဖွဲ့စည်းပြီးပါက MSME လုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် မည် သို့လုပ်ဆောင်ရမည်ကို အတိအကျသိရှိနိုင်မည်ဖြစ်ပြီး ယင်းလုပ်ငန်းများတိုးတက်မှု ရှိမရှိ ကိုလည်း လေ့လာစောင့်ကြည့်ကာ လိုအပ်သည့်အချက်များကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

**ပြန်လည်ပြင်ဆင်ရန်**

မြန်မာနိုင်ငံ၏ အဓိကကျသော အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြန်လည်ပြင်ဆင်ရန်လည်း လွှတ်တော်၌ တင်ထားပြီးဖြစ်ကာ ယင်း သို့ပြင်ဆင်ပြီးပါက SME လုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်မည်ဖြစ်ကာ SME လုပ်ငန်းများလျှောက်ထားရာတွင် လွယ်ကူစေရေးနှင့် လိုအပ်သည့် ချေးငွေရရှိရေး လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

**ပြိုင်ပွဲများပြုလုပ်မည်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် SME လုပ်ငန်းများနှင့်ပတ်သက်၍ ပြပွဲ၊ ပြိုင်ပွဲ များပြုလုပ်နေပြီး မတ်လအတွင်း နိုင်ငံတော်အဆင့် SME ထုတ်ကုန် ပြပွဲ၊ ပြိုင်ပွဲများ ပြု လုပ်မည်ဖြစ်ကြောင်း သိရသည်။

https://myanmar.mmtimes.com

# STOCK EXCHANGE (25.2.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th Feb. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 410 | 3,608,000 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,950 | 2,950 | 2,900 | 1,090 | 3,161,050 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +100 | +1.41% | 7,100 | 7,200 | 7,100 | 65 | 466,500 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 249 | 5,353,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.39 | +0.76 | +0.20% | 376.05 | 376.05 | 375.39 | 1,816 | 12,594,450 | 5 | 512,498 |

### Index chart





## Market Overview

As of 1:00 pm, 25th Feb. 2019

| MYANPIX | 375.39 ▲ 0.76 |
|---|---|
| Total Volume (shares) | 1,816 |
| Total Value (MMK) | 13 mil |
| Listed Company | 5 |
| Market Cap. (MMK) | 512,498 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 100 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |